# တရုတ်ပြည်သူ့ သမ္မတနိုင်ငံ အစိုးရ၊ လာော ပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ အစိုးရနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရတို့ ချုပ်ဆိုသည့် သုံးပြည်ထောင်နယ်နိမိတ်များ၏ ဆုံမှတ်ကို သတ်မှတ်ခြင်းဆိုင်ရာ သဘောတူညီချက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရ၊ လာောပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ အစိုးရနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရတို့သည်–

သုံးပြည်ထောင်ပြည်သူတို့၏ အရင်းခံအကျိုးစီးပွားများကို ထိန်းသိမ်းစောင့်ရှောက်ရန် အလို့ငှာ၊ သုံးပြည်ထောင် အိမ်နီးချင်းကောင်းသင့်မြတ် ချစ်ကြည်စွာရှိသည့် ဆက်ဆံမှုကို ခိုင်မြဲစေရန် တိုးတက်ခိုင်မာစေရန် ရည်သန်၍လည်းကောင်း၊ တရုတ်–လာော–မြန်မာ၊ သုံးပြည်ထောင် နယ်နိမိတ်ဆုံရာ ဒေသကို ထာဝစဉ် ငြိမ်းချမ်း၍ ချစ်ကြည်ရင်းနှီးပြီး၊ မိတ်ဝတ်မပျက် ပူးပေါင်း ဆောင်ရွက်နိုင်သော ဒေသအဖြစ် တည်ထောင်သွားနိုင်ရန်အတွက် လည်းကောင်း၊

တစ်ပြည်ထောင်၏ အချုပ်အခြာ အာဏာပိုင်ဆိုင်မှုနှင့် နယ်မြေ တည်တံ့ခိုင်မြဲမှုကို တစ်ပြည်ထောင်က လေးစားရေး၊ တစ်ပြည်ထောင်ကို တစ်ပြည်ထောင်က မကျူးကျော်ရေး၊ တစ်ပြည်ထောင်၏ ပြည်တွင်းရေးကိစ္စတွင် တစ်ပြည်ထောင်က စွက်ဖက်ခြင်းမပြုရေး၊ တန်းတူရည်တူရှိပြီး အပြန်အလှန် အကျိုးရှိစေရေး၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး ဟူသောမူများနှင့်အညီ၊ သုံးနိုင်ငံတို့အကြား ခင်မင်ရင်းနှီးစွာ နီးနှော‌တိုင်ပင်၍ လည်း ကောင်း၊ ဤသဘောတူညီချက်ကို ချုပ်ဆိုရန်ဆုံးဖြတ်ပြီး အောက်ပါအပိုဒ်များကို ဆွေးနွေး၍ သဘောတူညီကြသည်။

## အပိုဒ် ၁

၁။ တရုတ်–လာော–မြန်မာ၊ သုံးနိုင်ငံ နယ်နိမိတ်ဆုံရာ နေရာသည် တရုတ်–လာော နယ်နိမိတ် မျဉ်းကြောင်းနှင့် လန်ဆန်/မဲခေါင်မြစ်၏ ရေကြောင်းသွားလာမှု ပြုလုပ်ရာ အဓိက ရေစီးကြောင်း (အနက်ဆုံး ရေကြောင်း) ဆုံရာနေရာတွင် တည်ရှိ၍၊ နမ့်လနှင့် လန်ဆန်/မဲခေါင်မြစ် ရေလယ်ကြောမျဉ်းဆုံရာမှ တောင်ဘက်သို့ ဆက်ဆွဲ လာသော ရေလယ်ကြောမျဉ်းနှင့် ဆုံရာအမှတ်လည်း ဖြစ်သည်ဟူ၍ လည်းကောင်း၊ နမ့်လမြစ်နှင့် လန်ဆန်/မဲခေါင်မြစ် ရေလယ်ကြောမျဉ်း ဆုံရာမှ တောင်ဘက် သုံးနိုင်ငံ နယ်နိမိတ်ဆုံရာ အမှတ်သို့ ဆက်ဆွဲသော ရေလယ်ကြောမျဉ်းသည် တရုတ်–မြန်မာ နယ်နိမိတ်မျဉ်းကြောင်း ပင်ဖြစ်သည်ဟူ၍လည်းကောင်း၊ သုံးနိုင်ငံ ကိုယ်စားလှယ်အဖွဲ့တို့က သဘောတူကြပါသည်။ သုံးနိုင်ငံ နယ်နိမိတ်ဆုံရာနေရာ လန်ဆန်/မဲခေါင်မြစ် ကမ်းတစ်ဘက်တစ်ချက် ကမ်းပေါ်၌ နယ်နိမိတ် မှတ်တိုင်တစ်တိုင်စီ စိုက်ထူရန်လည်း သုံးနိုင်ငံကိုယ်စားလှယ်အဖွဲ့တို့က သဘောတူကြပါသည်။ (နယ်နိမိတ် မှတ်တိုင် အရွယ်အစားနှင့် ပုံသဏ္ဍာန်ကို ပူးတွဲ–၁ တွင် ဖော်ပြထားပါသည်။) တရုတ်–လာော–မြန်မာ သုံးနိုင်ငံနယ်နိမိတ်ဆုံရာပြနေရာ နယ်နိမိတ် မှတ်တိုင်အမှတ် (၁) (တရုတ်–လာော နယ်နိမိတ် မှတ်တိုင်အမှတ် ၄၅) မြောက်လတ္တီတွဒ် ၂၁° ၂၃′ ၅၂.၄″ နှင့် အရှေ့လောင်ဂျီတွဒ် ၁၀၁° ၀၈′ ၄၀.၅″ တွင်တည်ရှိပြီး၊ လန်ဆန် / မဲခေါင်မြစ်

အရှေ့ဘက်ကမ်း၊ တရုတ်–လောနယ်နိမိတ် မျဉ်းကြောင်းပေါ်၌ တည်ရှိသည်။ ဤနယ်နိမိတ် မှတ်တိုင်မှသုံးနိုင်ငံ နယ်နိမိတ်ဆုံရာ နေရာသို့ သံလိုက် ညွှန်းထောင့် ၂၁၈ ဝ၃ ဝဝ ဖြစ်ပြီး အကွာအဝေးမှာ ၁၁၁.၆ မီတာ ဖြစ်သည်။ တရုတ်–လော–မြန်မာ၊ သုံးနိုင်ငံ နယ်နိမိတ် ဆုံရာပြနေရာ နယ်နိမိတ်မှတ်တိုင်အမှတ်(၂) (တရုတ်–မြန်မာ နယ်နိမိတ် မှတ်တိုင် ၂၄၅) မြောက်လတ္တီတွဒ် ၂၁ ၃၃ ၄၇.၄ နှင့် အရှေ့လောင်ဂျီတွဒ် ၁၀၁ ၀၈ ၃၆.၆ တွင် တည်ရှိပြီး၊ လန်ဆန်/ မဲခေါင်မြစ် အနောက်ဘက်ကမ်း မြန်မာ့ နယ်မြေအတွင်း တည်ရှိသည်။ ဤနယ်နိမိတ်မှတ်တိုင်မှ သုံးနိုင်ငံနယ်နိမိတ်ဆုံရာနေရာသို့ သံလိုက်ညွှန်းထောင့် ၃၈ ဝ၃ ဝဝ ဖြစ်ပြီး၊ အကွာအဝေးမှာ ၇၈.၆၆မီတာ ဖြစ်သည်။

၂။ သုံးနိုင်ငံနယ်နိမိတ်ဆုံရာ နေရာ နယ်နိမိတ်မျဉ်းကြောင်းနှင့် နယ်နိမိတ်မှတ်တိုင် များကို သုံးနိုင်ငံကိုယ်စားလှယ်တို့ လက်မှတ်ရေးထိုးထားသော ဤသဘောတူညီချက် တွင် ပူးတွဲပါရှိသော ၁း၅၀၀၀ စကေးမြေပုံပေါ်တွင် မင်နီဖြင့် ရေးဆွဲထားပါသည်။ သုံးနိုင်ငံ နယ်နိမိတ်ဆုံရာ နေရာသည် မြောက်လတ္တီတွဒ် ၂၁ ၃၃ ၄၉.၅ နှင့် အရှေ့လောင်ဂျီတွဒ် ၁၀၁ ၀၈ ၃၈.၂ ဖြစ်သည်။

၃။ နယ်နိမိတ်မှတ်တိုင်များ၏ ကိုဩဒိနိတ်များသည် မြေပြင်ပေါ်တွင် ကွင်းဆင်း တိုင်းတာရရှိသည့် အချက်အလက်များ အပေါ်အခြေပြု၍ တွက်ချက်ရရှိထားခြင်း ဖြစ်ပြီး၊ လွတ်လပ်သော ကိုဩဒိနိတ်စနစ်အရ တရုတ်ဘက်မှ ပြုစုရေးဆွဲထားသော ဒေသမြေပုံပေါ် တွင် ထည့်သွင်းဖော်ပြ ထားပါသည်။

## အပိုဒ် ၂

၁။ စာချုပ်ချုပ်ဆိုသည့် သုံးပြည်ထောင်တို့သည် နယ်နိမိတ် မှတ်တိုင်များ ထိန်းသိမ်း စောင့်ရှောက်ကြရမည့်အပြင်၊ ထိုမှတ်တိုင်များကို ရွှေ့ပြောင်း ဖယ်ရှားခြင်း၊ ထိခိုက်ပျက်စီး ယိုယွင်းခြင်း၊ သို့တည်းမဟုတ်၊ ချိုးဖွဲ့ဖျက်ဆီးခြင်းတို့မှ ကာကွယ်ရန် လိုအပ်သော စီမံချက် များကို ပြုလုပ်ဆောင်ရွက်ရမည်။ စာချုပ်ဝင် မည်သည့် ပြည်ထောင်ကမျှ နယ်နိမိတ် မှတ်တိုင်သစ်များကို မိမိတစ်ဦးတည်း သဘောအလျောက် စိုက်ထူခြင်း မပြုရ။

၂။ လန်ဆန်/မဲခေါင်မြစ် အရှေ့ဘက်ကမ်း၊ တရုတ်နှင့် လောနယ်နိမိတ် မျဉ်းကြောင်း ပေါ်တွင် ကျရောက်တည်ရှိသည့် နယ်နိမိတ် မှတ်တိုင်ကို တရုတ်နှင့် လောဘက်တို့က တာဝန်ယူ ထိန်းသိမ်းပြုပြင်ရမည်။ လန်ဆန်/မဲခေါင်မြစ် အနောက်ဘက်ကမ်း မြန်မာ နယ်မြေအတွင်း တည်ရှိသည့် နယ်နိမိတ်မှတ်တိုင်ကို မြန်မာဘက်က တာဝန်ယူထိန်းသိမ်း ပြုပြင်ရမည်။

၃။ နယ်နိမိတ် မှတ်တိုင်တစ်ခုခု ရွှေ့ပြောင်း ဖယ်ရှားထားသည်ကို သော်လည်းကောင်း၊ ချိုးဖွဲ့ ဖျက်ဆီးထားသည်ကိုသော်လည်းကောင်း၊ စာချုပ်ဝင် တစ်ပြည်ထောင် ကတွေ့ရှိလျှင်၊ စာချုပ်ဝင် အခြားနှစ်ပြည်ထောင်အား ဆောလျင်နိုင်သမျှ ဆောလျင်စွာ အကြောင်းကြားရ မည်။ ထို့နောက် အဆိုပါ နယ်နိမိတ်မှတ်တိုင်ကို ထိန်းသိမ်းမွမ်းမံ ပြင်ဆင်ရန်အတွက် တာဝန်ယူရသော ထိုစာချုပ်ဝင် ပြည်ထောင်သည် ထိုနယ်နိမိတ် မှတ်တိုင်ကို မူလစိုက်ထူရာ

နေရာဟောင်း၌ နဂိုမူလ အတိအကျ သတ်မှတ်ထားချက်များအတိုင်း၊ စာချုပ်ဝင် အခြား နှစ်ပြည်ထောင် ရှေ့မှောက်တွင် ပြန်လည်ထားရှိရန်၊ သို့တည်းမဟုတ်၊ ပြုပြင်ရန်၊ သို့တည်းမဟုတ်၊ ပြန်လည် စိုက်ထူရန် လိုအပ်သည့် စီမံချက်များကို ပြုလုပ်ရမည်။

၄။ နယ်နိမိတ် မှတ်တိုင်တစ်ခု နေရာဟောင်း၌ ပြန်လည်ထားရှိခြင်း၊ ပြုပြင်ခြင်း၊ သို့တည်းမဟုတ်၊ ပြန်လည်စိုက်ထူခြင်းကို စာချုပ်ဝင် သုံးပြည်ထောင်တို့က ပူးတွဲမှတ်တမ်း တင်ရမည်။ နယ်နိမိတ်မှတ်တိုင်ကို မူလစိုက်ထူရာ နေရာမှလွဲ၍ အခြားနေရာ၌ ပြန်လည် စိုက်ထူလျှင်၊ စာချုပ်ဝင် သုံးပြည်ထောင်တို့သည် ထိုနယ်နိမိတ် မှတ်တိုင်တည်နေရာ သုံးပြည်ထောင်နယ်နိမိတ် ဆုံရာနေရာနှင့် ထိုမှတ်တိုင်တို့၏ သံလိုက်ညွှန်းထောင့်နှင့် အကွာအဝေးတို့ကို ဖော်ပြရမည်။ ထိုနယ်နိမိတ်မှတ်တိုင် တည်နေရာ ဖော်ပြသော စာရွက်စာတမ်းများကို လက်မှတ်ရေးထိုးရမည်။ အထက်ဖော်ပြပါ စာရွက်စာတမ်းများသည် ယခုချုပ်ဆိုသော ဤသဘောတူညီချက်၏ နောက်ဆက်တွဲများ ဖြစ်လာစေရမည်။

## အပိုဒ် ၃

ဤယခုချုပ်ဆိုသော သဘောတူညီချက်ကို စာချုပ်ဝင် သုံးပြည်ထောင် အသီးသီးတို့နှင့် သက်ဆိုင်သော တရားဥပဒေကျင့်ထုံးနှင့်အညီ အတည်ပြုရမည်။ ထို့ပြင် ဤသဘောတူညီချက်သည် အဆိုပါ အတည်ပြုစာချွန်လွှာများ အပြန်အလှန် လဲလှယ်သည့် နေ့ရက်တွင် စတင်အာဏာ တည်စေရမည်။

၁၉၉၄ခုနှစ်၊ ဧပြီလ ၇ ရက်နေ့တွင် ရန်ကုန်မြို့၌ တရုတ်ဘာသာဖြင့် လည်းကောင်း၊ လာဘာသာဖြင့်လည်းကောင်း၊ မြန်မာဘာသာဖြင့် လည်းကောင်း၊ အင်္ဂလိပ် ဘာသာဖြင့် လည်းကောင်း၊ စာချုပ်မူရင်းသုံးစောင်ပြုလုပ် ချုပ်ဆိုကြ၍၊ ထိုလေးဘာသာ မူရင်း အားလုံးသည် အညီအမျှ စစ်မှန်သောမူများ ဖြစ်ကြသည်။

| | | |
|---|---|---|
| 梁枫 | | |
| ( လျံဖုန်း ) | ( ကီဒန်သန်မာဗောင် ) | ( အေးလွင် ) |
| တရုတ်ပြည်သူ့သမ္မတ နိုင်ငံအစိုးရ၏ အာဏာကုန်လွှဲအပ်ထားသည့် ကိုယ်စားလှယ် | လာပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံအစိုးရ၏ အာဏာကုန်လွှဲအပ်ထားသည့် ကိုယ်စားလှယ် | ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ၏ အာဏာကုန်လွှဲအပ်ထားသည့် ကိုယ်စားလှယ် |

ပုံတွဲ - ၁

# နယ်နိမိတ်မှတ်တိုင်အရွယ်အစား နှင့် ပုံသဏ္ဌာန်

